# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်များနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ




မြန်မာနိုင်ငံသည် ကမ်းရိုးတန်း သွယ်တန်းရှည်လျားခြင်း၊ မြစ်ကြီးသုံးသွယ်စီးဆင်းနေခြင်းနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ထိစပ်နေသည့် တောင်တန်းဒေသများတွင်သာမက နိုင်ငံအလယ်ပိုင်း ခြောက်သွေ့သောဒေသများတွင် ဖုံးလွှမ်းလျက်ရှိသည့် သစ်တောများဖြင့် ယဉ်ကျေးမှုဆိုင်ရာနှင့် ဇီဝဆိုင်ရာ ကြွယ်ဝသည့်နိုင်ငံအဖြစ် ထင်ရှားရပ်တည်လျက်ရှိပါသည်။ သဘာဝကျွန်းတောများအပါအဝင် ကျောက်စိမ်း၊ သတ္တုသယံဇာတများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ စသည့်သဘာဝသယံဇာတများ ပေါကြွယ်ဝမှုကြောင့်လည်း ထင်ရှားလှပါသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားမျိုးနွယ်စုများတွင် ကရင်၊ ကယား၊ ကချင်၊ ချင်း၊ ရှမ်း၊ မွန်နှင့် အခြားမျိုးနွယ်စုများလည်း ပါဝင်ကြပါသည်။ ပြည်တွင်းနိုင်ငံရေး မငြိမ်မသက်မှု၊ အာဏာရှင်များ၏ အုပ်ချုပ်မှုနှင့် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုကြောင့်အထီးကျန်ဖြစ်မှု စသည့် ဆယ်စုနှစ်များနှောင်းပိုင်းမှသည် လတ်တလောအချိန်များတွင် ၂၀၁၅ခုနှစ်၌ ရွေးကောက်ပွဲကျင်းပခြင်းအထိ အပါအဝင် မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာပါရီသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်ပါကြောင်း အကြောင်းကြားစာကို ကမ္ဘာ့ကုလသမဂ္ဂသို့ စက်တင်ဘာလ ၂၀၁၇တွင် တင်သွင်းပြီးဖြစ်သည်။ ထို့အပြင် ထုတ်လွှတ်မှုလျှော့ချရေး ၂၀၂၀ရည်မှန်းချက်အသစ်များပါဝင်သည့် မြန်မာနိုင်ငံမှ ကျိုတိုနောက်ဆက်တွဲစာချုပ်၏ ဒုတိယမြောက်ကတိကဝတ်ကာလဖြစ်သည့် ဒိုဟာပြင်ဆင်ချက်၌ အဖွဲ့ဝင်နိုင်ငံအဖြစ်၏ လက်ခံကြောင်း အကြောင်းကြားစာကို စက်တင်ဘာလ ၁၉ရက်နေ့ ၂၀၁၇ခုနှစ်တွင် လက်ခံရရှိခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ၂၀၁၆ခုနှစ် ဧပြီလ(၂၂)ရက်နေ့တွင် ပဲရစ်သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၅ခုနှစ်တွင် (၂၁)ကြိမ်မြောက်ကျင်းပသည့် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအစည်းအဝေး(**COP21**)၌ တင်ပြခဲ့သည့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ တုံ့ပြန်မည့်နိုင်ငံအလိုက် ရည်မှန်းဆုံးဖြတ်ထားသည့် ပါဝင်ဆောင်ရွက်မှု (**INDC**)အား အခြေခံထားသည့် နိုင်ငံတော်၏စွမ်းရည်အရ ဆန္ဒအလျောက်လုပ်ဆောင်မည့်ရည်မှန်းချက်များကို အခြေခံကာ နိုင်ငံအလိုက်ဆုံးဖြတ်ထားသည့် ကတိကဝတ်များ(**NDC**) ပြုစုရေးသားလျက်ရှိပါသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လူမှုအဖွဲ့အစည်းနှင့် ဒေသခံပြည်သူများပါဝင်လျက် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂)ရက်နေ့တွင် ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့(**POINT**)၏ ဌာနေတိုင်းရင်းသားများကွန်ယက်တို့ စုစည်းကျင်းပခဲ့သည့် ပြည်သူလူထုသဘောဆန္ဒခံယူခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခု၏ ရလဒ်များအားအခြေခံလျက် တိုက်တွန်းအကြံပြုချက်များအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မည့် ကတိကဝတ်များ (NDC) ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း

> *“ အဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုအား တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်သည့်အခါ ၎င်းတို့၏ တာဝန်သိစိတ်များဖြင့် လူ့အခွင့်အရေးများ၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်သည့် အခြေအနေတွင် နေထိုင်ကြ သူများ၏ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများအပြင် ကျားမရေးရာ တန်းတူရှိမှု၊ အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးမှုနှင့် သားစဉ်မျိုးဆက် သာတူညီမျှရှိစေမှုတို့အပေါ် လေးစားလိုက်နာသင့်သည်၊ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ”*
>
> **ပဲရစ်သဘောတူညီချက် ၁/စီပီ.၂၁**

မြန်မာနိုင်ငံ၏ **NDC**အား သာတူညီမျှဖြစ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရာတွင် ပဲရစ်သဘောတူညီချက်နှင့် အံဝင်ခွင်ကျဖြစ်စေရန်အလို့ငှာ -

- ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအစီအစဉ်များ အားလုံးတွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သည့် သို့မဟုတ် ထိခိုက်လွယ်သည့် အုပ်စုများ၏ အခွင့်အရေးများကို အသိအမှတ်ပြုပေးနိုင်ရန် **NDC**တွင် ကတိကဝတ်ပြုမှုများ ထည့်သွင်းဖော်ပြရန်၊
- **NDC**ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများတွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် အမျိုးသမီးများအပါအဝင် အဆိုပါအုပ်စုများ၏ စစ်မှန်ပြည့်ဝသည့် ပူးပေါင်းပါဝင်မှုရှိရေး အလေးထားရန်၊
- **NDC**ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများအား အံဝင်ခွင်ကျ ဖြစ်စေရေးနှင့် (၂၁)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအစည်းအဝေး(**COP21**)မှ ဖြစ်တည်လာသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းသဘောတူညီချက် **UNFCCC**နည်းတူ အပြည်ပြည်ဆိုင်ရာညီလာခံများတွင် ပေါင်းစပ်ညှိနှိုင်းနိုင်စေရေးအလို့ငှာ ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများအတွက် လိုအပ်သည့် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုစွမ်းရည်များနှင့် နည်းပညာများ ဝေမျှလေ့လာ သင်ယူရရှိစေရန်နှင့် အမျိုးသားအဆင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးမှုလမ်းကြောင်းရှိလာစေရန်၊
- (**REDD+**၊ **EITI**နှင့် **FLEGT**စသည့် လုပ်ငန်းစဉ်ယန္တရားများအပါအဝင်) သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် အခြားကဏ္ဍအသီးသီးတို့အတွင်းရှိ ရည်မှန်းချက်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ် ယန္တရားများကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊

## သစ်တောကဏ္ဍဆိုင်ရာ ကတိကဝတ်များ

သစ်တောများထိန်းသိမ်းကာကွယ်ခြင်း၊ ရေရှည်တည်တံ့စေမည့် သစ်တောများစီမံအုပ်ချုပ်ခြင်းနှင့် သဘာဝတောများပြုစုထိန်းသိမ်းခြင်းတို့သည် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးတို့အတွက် အထူးအရေးပါလှပါသည်။ ၂၀၁၀-၂၀၁၅ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ နှစ်စဉ် သစ်တောများ ပျက်စီးပြုန်းတီးမှုနှုန်းသည် ၁.၇%ရှိခဲ့ပြီး နှစ်စဉ် သစ်တောဧရိယာ ၅၄၆၀၀၀ ဟက်တာနီးပါး ဆုံးရှုံးခဲ့ရသဖြင့် ယင်းကာလတူအချိန်အတွင်း ကမ္ဘာတစ်ဝှန်းတွင် သစ်တောအသားတင်ပျက်စီးဆုံးရှုံးမှု တတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေပါသည်။[၁]

မြန်မာနိုင်ငံ၏ အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (**INDC**)အားရေးဆွဲရာတွင် သစ်တောကဏ္ဍ၏ ကတိကဝတ်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(**MONREC**)၏ စီမံခန့်ခွဲမှုနယ်မြေအမျိုးအစားတစ်ခုဖြစ်သည့် အမြဲတမ်းသစ်တောမြေ(**PFE**)ကို ပိုမိုတိုးချဲ့သတ်မှတ်မည်ဖြစ်ပါသည်။ နိုင်ငံဧရိယာ၏ သစ်တောနယ်မြေ၃၀%နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၀%ပြည့်မီရေးတို့အတွက် သစ်ထုတ်လုပ်ရန် စီမံခန့်ခွဲမည့် ကြိုးဝိုင်းတောများနှင့် စီးပွားရေးအရ တန်ဖိုးနည်းသည့် သစ်တောများအား ကြားခံဇုန်အဖြစ် ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရန် ရည်မှန်းထားပါသည်။ ယင်းရည်မှန်းချက်များသည် (၂၀၀၁-၂၀၃၀ ခုနှစ်) အမျိုးသား နှစ်(၃၀)သစ်တောပင်မစီမံကိန်း၏ အစိတ်အပိုင်းများလည်းဖြစ်ကြပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ ရည်မှန်းချက်နှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နယ်မြေဧရိယာ ဟက်တာ(၆)သန်းခန့် လိုအပ်မည်ဖြစ်ပါသည်။

---

၁ အီတလီနိုင်ငံ၊ ရောမမြို့၊ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး အဖွဲ့၊ ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့သစ်တောသယံဇာတများဆန်းစစ်ချက် ၂၀၁၅၊ မြန်မာနိုင်ငံ၏ နိုင်ငံတင်ပြချက် အစီရင်ခံစာ

အမြဲတမ်းသစ်တောမြေများ **(PFE)**တိုးချဲ့ဖွဲ့စည်းရာတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏ သစ်တောများနှင့် ပတ်သက်သည့် အခွင့်အရေးများကို အသိအမှတ်မပြုသည့်အပြင် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုးရာဓလေ့များအတွက် အလွန်အရေးပါသည့် သစ်တောသယံဇာတများအား ထုတ်ယူသုံးစွဲခွင့်များအား ထိန်းချုပ်ထားလျက်ရှိပါသည်။ အမြဲတမ်းသစ်တောမြေများ တိုးချဲ့ဖွဲ့စည်းခြင်းသည် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ မြေယာ

| တောအမျိုးအစား | မြေဧရိယာ (၂၀၁၅) | ရည်မှန်းထားသည့် ဧရိယာ (၂၀၃၀) |
|---|---|---|
| ကြိုးဝိုင်းတော **(RF)** | ၁၈.၀၁% | |
| ကြိုးပြင်ကာကွယ်တော **(PPF)** | ၆.၀၅% | |
| စုစုပေါင်း **RF**နှင့် **PPF** | ၂၄.၀၆% | ၃၀% |
| သဘာဝနယ်မြေ **(PAS)** | ၅.၅% | ၁၀% |
| အမြဲတမ်းသစ်တောမြေ | ၂၉.၈၁% | ၄၀% |

*ဇယား ၁ – တောအမျိုးအစား ဆိုင်ရာ အချက်အလက် (၂၀၁၅)အား မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ထုတ်ပြန်သည့် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ မဟာဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်(**NBSAP**)မှ ရရှိဖော်ပြထားပါသည်။*

### မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုပေးရန် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ကတိကဝတ်များ

- အမျိုးသားအဆင့် **REDD+** နှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အခြေခံမှု(၁)
- မြန်မာနိုင်ငံ အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒ အခန်း(၈)
- နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ မဟာဗျူဟာ နှင့် လုပ်ငန်းစီမံချက် ရည်မှန်းချက် ၃၊ ၅ နှင့် ၁၈
- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေငြာချက် **(UNDRIP)**
- ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မူဘောင်သဘောတူညီချက် - ကန်ကွန်း ကာကွယ်စောင့်ရှောက်မှုများ၊ **COP 16** ၏ နောက်ဆက်တွဲ ၁၊ ၂၀၁၀ ခုနှစ်၊

ပိုင်ဆိုင်မှုများအပါအဝင် ဒေသ၏သစ်တောများ စီမံအုပ်ချုပ်မှုကို အနှောက်အယှက်အဟန့်အတားဖြစ်စေကာ သစ်တောများပျက်စီးပြုန်းတီးခြင်းကိုသာ ဦးတည်လာပါသည်။ **PFE**များသည် အလှည့်ကျ စိုက်ပျိုးမြေဧရိယာများကိုပါ သတ်မှတ်လျက်ရှိရာ တောင်ပေါ်ဒေသ အသက်မွေးဝမ်းကြောင်း စိုက်ပျိုးမှုကို သစ်တောများ ပြုန်းတီးစေသည့်အတွက် တရားမဝင်စိုက်ပျိုးမှုတစ်ခုသဖွယ် ဖြစ်စေပါသည်။

လက်ရှိအနေအထားတွင် **PFE**ဧရိယာများ တိုးချဲ့မည့် အစားသစ်တောကဏ္ဍအနေဖြင့် ဒေသခံပြည်သူများ၊ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများနှင့် သစ်တောများအား ထိန်းသိမ်းကာကွယ်မှု၊ စီမံခန့်ခွဲမှုနှင့် ပြုစုပျိုးထောင်မှုများဆိုင်ရာ ရိုးရာဓလေ့ (ဒေသန္တရ) အသိပညာဗဟုသုတများ၏ တန်ဖိုးကို အသိအမှတ်ပြုပေးရမည်ဖြစ်ပါသည်။ ယင်းသို့ ပြုပြင်ပြောင်းလဲခြင်းများသည် သစ်တောမူဝါဒ (၁၉၉၅)တွင် ပြည်သူလူထုအားလုံး၏ ပူးပေါင်းပါဝင်ရန်နှင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များ ပြည့်ဝစွာဖြည့်ဆည်းပေးရန် လေးနက်သည့် မူဝါဒချမှတ် ထားခြင်းဖြင့်လည်းကောင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုပေးခြင်းဖြင့်လည်းကောင်း ရေးဆွဲပြဌာန်းထားချက်များနှင့် ကိုက်ညီလျက်ရှိပါသည်။ **NDC**အား ထိရောက်ပြီး တန်းတူညီတူ အကောင်အထည်ဖော်နိုင်ရန်နှင့် အဆိုပါအမျိုးသားအဆင့်မူဝါဒများနှင့် ကိုက်ညီစေရန် အလို့ငှာ -

- ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အညီ စီမံခန့်ခွဲပြီး ထိန်းသိမ်းကာကွယ်ထားလျက်ရှိသည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ မြေယာများနှင့် သစ်တောများအပေါ် ၎င်းတို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုပေးရန် လိုအပ်လျက်ရှိပါသည်။
- မိရိုးဖလာ မြေယာများဖြစ်လင့်ကစား ရပ်ရွာအခြေပြု သစ်တောစီမံအုပ်ချုပ်မှု နည်းလမ်းများဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ၊ ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ထားသည့် နယ်မြေများအဖြစ် သတ်မှတ်ပေးခြင်းဖြင့် **PFE** များကို တိုးချဲ့ရမည်ဖြစ်ပါသည်။
- ဥပဒေနည်းလမ်းအရ သတ်မှတ်ထားခြင်းမဟုတ်သည့် မိရိုးဖလာမြေယာပိုင်ဆိုင်မှု အခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်းဖြင့် ဒေသခံပြည်သူများနှင့် အခြားအစိုးရဌာနအဖွဲ့အစည်းများ စစ်မှန်သည့် ပူးပေါင်းပါဝင်မှု ရှိစေခြင်းဖြင့် **PFE**နယ်နိမိတ်များ သတ်မှတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ် ပါသည်။

- စားဝတ်နေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနှင့် သစ်တောအားမှီခိုနေထိုင်သူများ၏ ကျန်းမာရေးတို့အတွက် သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများ ရေရှည်တည်တံ့စေသည့်နည်းဖြင့် ထုတ်ယူသုံးစွဲမှုကို တရားဝင်ဖြစ်စေရန် သစ်တော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအား ပြန်လည်သုံးသပ်ပြင်ဆင်ရမည်ဖြစ်ပါသည်။

- သစ်တောကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့စေမှု အထူးသဖြင့် သစ်အခြေခံသည့်လုပ်ငန်းများ စီမံခန့်ခွဲမှုတို့ကို အားကောင်းလာစေရန် **FLEGT**၊ **EITI**နှင့် အခြား အစပျိုးဆောင်ရွက်မှု နည်းလမ်းများဖြင့် သစ်တော စီမံအုပ်ချုပ်မှုအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

## စွမ်းအင်ကဏ္ဍဆိုင်ရာ ကတိကဝတ်များ

မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၏ အန္တိမရည်မှန်းချက်သည် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသို့ ဦးတည်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးဖြစ်ပါသည်။ စွမ်းအင်ကဏ္ဍအတွက် ယင်း၏ အနက်အဓိပ္ပါယ်မှာ ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် စွမ်းအင်ဖူလုံစွာ သုံးစွဲနိုင်ရေး တိုးချဲ့ကြိုးပမ်းနေချိန်တွင် လူမှုရေးဆိုင်ရာ နှင့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ နည်းပါးစေမည့် ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ကိုသာ ရွေးချယ်ဆောင်ရွက်ရမည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

- ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဆိုးကျိုးနည်းသည့် နည်းပညာများအားအသုံးပြုကာ ပြည်သူတစ်ရပ်လုံး၏ စွမ်းအင်ဖူလုံရေးကို တိုးချဲ့ရပါမည်။ **INDC**တွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးကို အသေးစားရေအား၊ ဇီဝလောင်စာ၊ လေအားနှင့် နေရောင်ခြည်သုံး အသေးစားဓာတ်အားလိုင်းဖြန့်ဖြူးရေး နည်းလမ်းများမှ ရရှိစေကာ ကျေးလက်ဒေသတွင်နေထိုင်ကြသည့် ပြည်သူလူထု(၆)သန်းအတွက် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

- စွမ်းအင်ကဏ္ဍတစ်ခုလုံးတွင် ပြည့်ဖြိုးမြဲစွမ်းအင်၏ အခန်းကဏ္ဍအား မြှင့်တင်ဆောင်ရွက်ပါ။

- စွမ်းအင်ကဏ္ဍအား ဖွံ့ဖြိုးတိုးတက်စေရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ ရန်ပုံငွေအကူအညီရရှိရေးနှင့် နည်းပညာလက်ဆင့်ကမ်းလွှဲပြောင်းလက်ခံရရှိရေးကို မြှင့်တင်ပါ။

စွမ်းအင်ကဏ္ဍ၏ စည်းမျဉ်းစည်းကမ်းများသည် အထူးအရေးပါလှပါသည်။ ရေအားလျှပ်စစ်ကို **NDC**တွင် ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်တစ်ခုအသွင်ဖြင့် ပါဝင်သော်လည်း ဆည်ကြီးများတည်ဆောက်ရန်မှာ ပြည်သူလူထုအတွက် အငြင်းပွားဖွယ်ဖြစ်ကာ စိတ်ဝင်စားမှုနည်းနိုင်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ကချင်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်မြေများ ရေလွှမ်းမှုခံရနိုင်သည့် မြစ်ဆုံရေကာတာ တည်ဆောက်မှု ရပ်တန့်ထားခြင်းသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လက္ခဏာသွင်ပြင်တစ်ရပ်ဖြင့် လက်ကမ်းကြိုဆိုလိုက်ခြင်းဖြစ်ပါသည်။ ယခင် အစိုးရလက်ထက်တွင် ဆိုးကျိုးသက်ရောက်မှုအား သင့်လျော်သည့် နည်းလမ်းများဖြင့် ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊ သင့်လျော်သည့် နစ်နာကြေးပေးချေခြင်း သို့မဟုတ် ဒေသခံပြည်သူ၏ သဘောတူညီချက်ရယူခြင်း အလျဉ်းမရှိဘဲ ပြဿနာများဖြစ်ပွားနေသည့် နယ်မြေဒေသအတွင်းရှိသည့် သံလွင်မြစ်နှင့် ဧရာဝတီမြစ်များ[၂] ပင်မရေလမ်းကြောင်းပေါ်တွင် ရေအားလျှပ်စစ် ဆည်ကြီးများ[၃] တည်ဆောက်ရန် အစီအစဉ်များ ရှိခဲ့ပါသည်။

- **FPIC** - စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦများ တည်ဆောက်သည့် စီမံကိန်းများ၊ အထူးသဖြင့် ရေအားလျှပ်စစ် ဆည်တည်ဆောက်ခြင်းတို့သည် ဒေသခံပြည်သူများ၏ မိရိုးဖလာ မြေယာပိုင်ဆိုင်မှု နယ်မြေများအား ထိခိုက်မှုများအပါအဝင် ထိခိုက်ခံရသည့် ပြည်သူများအား ကြိုတင်အသိပေးမှုဖြင့် သဘောထားရယူခြင်း **(FPIC)**ကို ဆောင်ရွက်ရမည်။

- **EIA** - စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦ တည်ဆောက်မှု စီမံကိန်းများအားလုံး အထူးသဖြင့် ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေး လောင်စာသုံးစက်ရုံများအတွက် လေးနက်ပြည့်ဝသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး ထိခိုက်ခံရသည့် ဒေသခံပြည်သူများအား ဝေမျှအသိပေးရမည်ဖြစ်သည်။ ကိုက်ညီမှုရှိမရှိ ကြီးကြပ်စစ်ဆေးနိုင်ရန်အလို့ငှာ ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုများပြီး အသုံးမပြုတော့သော နည်းပညာများကို အသုံးမပြုသင့်ပေ။

---

၂ ဧရာဝတီမြစ်နှင့် သံလွင်မြစ်တို့တွင် ၂၀၀၀ မဂ္ဂဝပ် ထုတ်လုပ်ရန် တည်ဆောက်မည့် ဆည်များ နှင့် သံလွင်မြစ်တွင် ၄၅၄၀ မဂ္ဂဝပ် တစ်ခု နှင့် ၇၁၁၀ မဂ္ဂဝပ် ထုတ်လုပ်မည့် ဆည်များအပါအဝင်

၃ လက်ရှိတွင် ဧရာဝတီ နှင့် သံလွင် မြစ်တို့တွင် မြစ်ကြောင်းတလျှောက် တည်ဆောက်သည့် ဆည်များ မရှိပါ။

## မြန်မာနိုင်ငံ၏ ဥပဒေ၊ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များတွင် ပါရှိသည့် ကြိုတင်အသိပေးမှုများဖြင့် ဒေသခံများ၏ သဘောထားရယူခြင်း (FPIC)

- တိုင်းရင်းသားများ၏ အခွင့်အရေးများအား ကာကွယ်သည့် ဥပဒေ၊ အခန်း ၅(က)နှင့် နည်းဥပဒေ၊ အခန်း (၄) အပိုဒ် ၁၃
- အမျိုးသား မြေအသုံးချမှု မူဝါဒတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွင်း **FIPC**ကိုပါ ဆောင်ရွက်သင့်ကြောင်း၊
- ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် (**EIA**) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင်လည်း ပြည်သူလူထု၏ သဘောထားရယူသည့် တိုင်ပင်ဆွေးနွေးမှုများ လိုအပ်ကြောင်း၊
- နိုင်ငံအဆင့် **REDD+** ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်ပေးမှုများတွင်လည်း **FPIC**နှင့်ပတ်သက်သည့် အခွင့်အရေးများ အသိအမှတ်ပြုထားကြောင်း၊
- နိုင်ငံအဆင့် ပတ်ဝန်းကျင်ရေးရာမူဝါဒအတွက် မဟာဗျူဟာမြောက်မူဘောင်တွင်လည်း ပြည်သူတစ်ရပ်လုံးတွင် သတင်းအချက်အလက်များအား လက်လှမ်းမီ ရရှိသုံးစွဲနိုင်ခွင့်ရှိကြောင်းနှင့် ၎င်းတို့၏ လူမှုဘဝ နေထိုင်ရေးများနှင့် ပိုင်ဆိုင်မှုများအပေါ် ဆိုးကျိုးများဖြစ်ပေါ်လာစေမည့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရှိကြောင်း၊
- နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်တွင် ရည်မှန်းချက် ၁၈. ၂ - ၂၀၂၀ ခုနှစ် ရောက်လျှင် **FPIC** ဆိုင်ရာ သဘောတရားများကို အစိုးရဌာနများ၊ ပုဂလိကအခန်းကဏ္ဍများနှင့် ရန်ပုံငွေထောက်ပံ့ပေးသည့် အဖွဲ့အစည်းများအားလုံးတွင် လုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်စေရမည်ဖြစ်ကြောင်း

### ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေခြင်း

မြန်မာနိုင်ငံသည် ထူးကဲသည့် ရာသီဥတုဖြစ်စဉ်များဖြင့် တစ်ကမ္ဘာလုံးတွင် ထိခိုက်လွယ်မှု အများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အခိုင်အမာရည်ညွှန်းပြောဆိုလျက်ရှိပါသည်။ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုများပြားစွာရင်ဆိုင်ရမည့် အန္တရာယ်ရှိနေကြောင်း အလေးထားဖော်ပြထားပါသည်။ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများ ပျက်စီးပြုန်းတီးခြင်းများသည် ဆိုင်ကလုန်းမုန်တိုင်းများနှင့် ပင်လယ်ရေလှိုင်းကြီးမှုများကြောင့် ထိခိုက်လွယ်မှုများ ပိုမိုများပြားလာပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မုတ်သုန်ရာသီကာလ တိုတောင်းလာခြင်းသည် တောင်ပေါ်ဒေသများတွင် မြေပြိုကျမှုဖြစ်ပေါ်စေပြီး မြစ်ကြောင်းများတစ်လျှောက်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်စေကာ ခြိမ်းခြောက်မှုများရှိနေပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများသည် များသောအားဖြင့် မိုးကောင်းသောက်သည့် လယ်ယာမြေများဖြစ်ကြပြီး ခန့်မှန်းရခက်သည့် မုတ်သုန်မိုးရာသီနှင့် အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့် ဒေသတွင် မိုးခေါင်မှု ကာလရှည်လျားလာခြင်းတို့ကြောင့် စိုးရိမ်ရဖွယ်ဖြစ်ပါသည်။

## ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်း

ရပ်ရွာအခြေပြု သစ်တောများစီမံအုပ်ချုပ်မှုနှင့် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာအရ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုပေးခြင်းသည် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးတို့ကို ပိုမိုကောင်းမွန်စေပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပေးသည့် နည်းလမ်းများအရ ဒီရေတောများအား ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းဖြင့် ဆိုင်ကလုန်းမုန်တိုင်းများနှင့် ပင်လယ်ရေလှိုင်းကြီးခြင်းတို့ကြောင့် ထိခိုက်လွယ်မှုများကို လျော့နည်းစေနိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် **INDC**၌ ဖော်ပြထားသည့် ဦးစားပေးတစ်ရပ်အဖြစ်ပါဝင်ပါသည်။ **NDC**အနေဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ မျိုးစေ့များ သိုလှောင်သိမ်းဆည်းခြင်းနှင့် အချင်းချင်းဖလှယ်စေခြင်းတို့မှတဆင့် မျိုးရိုးဗီဇစုံလင်စေရန် ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ရာသီဥတုဒဏ်ကို စိုက်ပျိုးရေးကဏ္ဍမှ ခံနိုင်ရည် ပိုမိုကောင်းမွန်စေသည့် မိရိုးဖလာ အသိပညာများနှင့် အလေ့အကျင့်ကောင်းများရှိနေမှုကို အသိအမှတ်ပြုပေးသင့်ပါသည်။

## သဘာဝဘေးအန္တရာယ်လျော့ပါးစေခြင်း

- သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရေး စနစ်များဆိုင်ရာသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားမျိုးစုံဖြင့် ရေးသားပုံနှိပ်ထုတ်ဝေခြင်းဖြင့်လည်းကောင်းနှင့် အများပြည်သူ သိမြင်နားလည်လာစေရေးအတွက် သတင်းမီဒီယာမျိုးစုံ အသုံးပြုခြင်းဖြင့်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံးအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်၊
- သဘာဝဘေးနှင့် ဘေးအန္တရာယ်လျော့ပါးရေး **(DRR)** ကို အရေးပေါ်တုံ့ပြန်လုပ်ဆောင်မည့် ရန်ပုံငွေများအား ပွင့်လင်းမြင်သာမှုရှိစွာ စီမံခန့်ခွဲပေးရန်၊
- ပဲရစ်သဘောတူညီချက် ၇/စီပီ-၂၁ စာပိုဒ်၅တွင်ဖော်ပြပါရှိသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး မဟာဗျူဟာများနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းအစီ အစဉ်များရေးဆွဲရာတွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ စစ်မှန်ပြည့်ဝသည့် ပူးပေါင်းပါဝင်မှုရှိစေရေး ဆောင်ရွက်ပေးရန်၊

**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဈလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com